## ကချင်ဒေသတကျော့ပြန်စစ်ပွဲ (၁၅) နှစ်ပြည့်အထိမ်းအမှတ် ပူးတွဲသဘောထားထုတ်ပြန်ချက်

ရက်စွဲ ။ ။ ၂၀၂၆ ခုနှစ် ဇွန်လ (၉) ရက်နေ့

ယနေ့သည် ၂၀၁၁ ခုနှစ်၊ ဇွန်လ (၉) ရက်နေ့တွင် စစ်ကောင်စီတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော်တို့ ကြား ပဋိပက္ခပြန်လည်စတင်ခဲ့သည့် (၁၅) နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။ ၂၀၂၁ ခုနှစ် အာဏာ သိမ်းမှုကြောင့် ပိုမိုပြင်းထန်လာခဲ့သည့် ဤစစ်ပွဲသည် ကြီးမားလှသော ဆင်းရဲဒုက္ခများကို ဖြစ်ပေါ်စေခဲ့ သည်။ ၂၀၂၆ ခုနှစ်၊ ဇွန်လအထိ တရားဝင်စာရင်းဇယားများအရ ကချင်ပြည်နယ်အတွင်း အိုးအိမ်စွန့်ခွာ ထွက်ပြေးရသူပေါင်း ၂၄၄,၅၀၀ ကျော်ရှိသည်ဟု ဖော်ပြထားသော်လည်း၊ လက်တွေ့တွင် ယင်းထက် များစွာပိုမိုများပြားလိမ့်မည်ဟု ခန့်မှန်းရသည်။

စစ်ကောင်စီ၏ ခွဲခြားမှုမရှိသော တိုက်ခိုက်မှုများ၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် အဓမ္မစစ်သားစုဆောင်း ခြင်းတို့သည် ပြည်သူများကို အဆက်မပြတ် အိုးအိမ်စွန့်ခွာထွက်ပြေးစေပြီး၊ မြန်မာနိုင်ငံမှ ထွက်ခွာသွား စေရန် တွန်းအားပေးနေသည်။ ၎င်းတို့၏ ငွေကြေးဆိုင်ရာ လက်နက်သဖွယ်အသုံးချမှုများ၊ အင်တာနက် ဖြတ်တောက်မှုများနှင့် မြစ်ကြီးနားလေဆိပ် ပိတ်ဆို့ခြင်းအပါအဝင် သယ်ယူပို့ဆောင်ရေးလမ်းကြောင်း များကို ပိတ်ပင်ထားခြင်းတို့သည် ကချင်ပြည်နယ်ရှိ လူမှုအသိုင်းအဝိုင်းများကို ဖြတ်တောက်ထားပြီး အစား အစာ၊ ကျန်းမာရေးနှင့် ပညာရေးအတွက် အရေးပေါ်လိုအပ်ချက်များကို ဖြစ်ပေါ်စေကာ ကလေးများ၊ အမျိုးသမီးများနှင့် မသန်စွမ်းသူများအပေါ် ဆိုးရွားစွာ ထိခိုက်စေလျက်ရှိသည်။ မကြာသေးမီက နိုင်ငံတကာထောက်ပံ့မှုများ လျော့ကျသွားခြင်းက ဤအရေးပေါ်လိုအပ်ချက်များကို ပိုမိုဆိုးရွားစေသည်။

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကျပ်အတည်းကြားတွင် စစ်ကောင်စီသည် ပြည်သူလူထု၏ ကြီးမားသော ကန့်ကွက်မှုကြောင့် ယခင်က ရပ်ဆိုင်းထားခဲ့ရသည့် မြစ်ဆုံဆည်စီမံကိန်းကို ပြန်လည် အသက်သွင်းရန် ရန်လိုစွာ ကြိုးပမ်းနေသည်။ ထို့အပြင် ဤဆည်စီမံကိန်းသည် မြန်မာတစ်နိုင်ငံလုံး အတွက် လုံခြုံရေးဆိုင်ရာ စိုးရိမ်ပူပန်မှုများကို ဖြစ်ပေါ်စေသည်။ ဧရာဝတီမြစ်သည် ပဋိပက္ခဖြစ်ပွားနေ သည့် ကချင်ပြည်နယ် မြောက်ပိုင်း တောင်တန်းများမှသည် ငလျင်ဒဏ်သင့် အလယ်ပိုင်းဒေသ၊ မြစ်ဝ ကျွန်း ပေါ်ဒေသအထိ လူမှုအသိုင်းအဝိုင်းပေါင်းစုံကို အသက်ဆက်ပေးနေသည့် နိုင်ငံ၏ အဓိက သွေးကြောဖြစ်သည်။

ကျွန်ုပ်တို့သည် လက်ရှိဖြစ်ပွားနေသော စစ်ပွဲ၏ ဆိုးကျိုးများကို ခံစားနေကြရသည့် ကချင်ပြည်နယ်နှင့် မြန်မာတစ်နိုင်ငံလုံးရှိ လူမှုအသိုင်းအဝိုင်းတိုင်းနှင့်အတူ ခိုင်မာစွာ ရပ်တည်လျက်ရှိသည်။ ကျွန်ုပ်တို့သည်

နိုင်ငံတကာအသိုင်းအဝိုင်းကို မြန်မာနိုင်ငံ၏ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို ဦးစားပေးရန်၊ အိုးအိမ်စွန့်ခွာထွက်ပြေးရသူများအတွက် ရန်ပုံငွေတိုးမြှင့်ပေးရန်၊ ဒေသတွင်းဦးဆောင်သော အဖွဲ့အစည်းများကို ပံ့ပိုးကူညီရန်နှင့် ခုခံတော်လှန်ရေးအင်အားစုများ ထိန်းချုပ်ထားသော နယ်မြေများသို့ အကူအညီများ ရောက်ရှိစေရန် တောင်းဆိုပါသည်။

အရပ်သားများကို ကာကွယ်စောင့်ရှောက်ရေးကို ဦးစားပေးရန်၊ ရက်စက်ကြမ်းကြုတ်မှုများနှင့် လေကြောင်းတိုက်ခိုက်မှုများ အပါအဝင် ခွဲခြားမှုမရှိသော တိုက်ခိုက်မှုများကို ချက်ချင်းရပ်တန့်စေရန် လိုအပ်သည့် သံတမန်ရေးရာ အစီအမံအားလုံးကို လုပ်ဆောင်ပေးရန် တိုက်တွန်းပါသည်။ ထို့အပြင်၊ အရပ်သားများ၊ အထူးသဖြင့် ကလေးများ၊ အမျိုးသမီးများနှင့် မသန်စွမ်းသူများ၏ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ပံ့ပိုးပေးရန်နှင့် နိုင်ငံတကာအသိုင်းအဝိုင်းထံ ခိုလှုံခွင့်ရှာဖွေနေသူများကို ကာကွယ် စောင့်ရှောက်ရန် တိုက်တွန်းပါသည်။

ထို့အပြင်၊ ကျူးလွန်ခံရသူများအတွက် တရားမျှတမှုရှိစေရန်၊ အနာဂတ်တွင် ကျူးလွန်မှုများကို တားဆီးရန်နှင့် အပြစ်ပေးခံရခြင်းမှ ကင်းလွတ်ခွင့်ကို အဆုံးသတ်ရန်အတွက် ကျူးလွန်သူများအား အရေးယူရန် လိုအပ်ပါသည်။

မြစ်ဆုံဆည်စီမံကိန်းကို ပြန်လည်အသက်သွင်းခြင်းသည် အချိန်အခါမဟုတ်ဘဲ၊ ပါဝင်ပတ်သက်သူများ ကြား ကွဲပြားမှုကို ပိုမိုဖြစ်စေပြီး လက်နက်ကိုင်ပဋိပက္ခကို ပိုမိုပြင်းထန်လာစေနိုင်သည်။ နောင်တွင် ဖြစ်ပေါ်လာနိုင်သည့် ကြီးမားသော သဘာဝဘေးအန္တရာယ်များကို တားဆီးရန်အတွက် ဤစီမံကိန်းကို အပြီးတိုင် ရပ်တန့်ရမည်ဖြစ်သည်။

ကချင်ပဋိပက္ခသည် ခြောက်ဆယ်နှစ်ကျော်ကြာမြင့်ခဲ့ပြီဖြစ်သည်။ ဤအခက်အခဲများကြားမှ လူမှုအသိုင်းအဝိုင်းသည် ခံနိုင်ရည်ရှိနေဆဲဖြစ်ပြီး ပိုမိုကောင်းမွန်သော ငြိမ်းချမ်းသသည့် အနာဂတ်အတွက် မျှော်လင့်ချက်ထားရှိဆဲဖြစ်သည်။ မြန်မာနိုင်ငံ၏ သမိုင်းကြောင်းသည် စစ်အာဏာရှင်စနစ်အောက်တွင် ရေရှည်တည်တံ့သော တည်ငြိမ်မှုနှင့် စစ်မှန်သော ဖြေရှင်းချက်များရရှိရန် မဖြစ်နိုင်ကြောင်း ပြသနေသည်။ ကျွန်ုပ်တို့သည် ယခင်ကရရှိခဲ့သော သင်ခန်းစာများအပေါ် အခြေခံ၍ ရေရှည်တည်တံ့သော ဖြေရှင်းချက်များကို ရှာဖွေရာတွင် ကမ္ဘာလုံးဆိုင်ရာ စည်းလုံးညီညွတ်မှုကို ဆက်လက်တောင်းဆိုပါသည်။

**ဤကြေညာချက်ကို အဖွဲ့အစည်းပေါင်း 129 အဖွဲ့အစည်းမှပါဝင် ထောက်ခံလက်မှတ်ရေးထိုးထားပါသည်။**

ဆက်သွယ်ရန်: June9Statement@protonmail.com